# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

## အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ

စာအမှတ်၊ ၄၃၁၉(၁၂၈၃)/ ၁၄-၀၃ / ဦး ၄

ရက် စွဲ၊ ၂၀၁၉ခုနှစ်၊ ဧပြီလ ၉ ရက်

သို့

ကြီးကြပ်ရေးအာဏာပိုင်များအားလုံး

အကြောင်းအရာ။ **ကန့်သတ်ပိတ်ပင်မှုစာရင်း၌ ထည့်သွင်းခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ (၁) အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ၂၀၁၆ခုနှစ်၊မေလ ၁၉ ရက်စွဲပါ အမိန့်အမှတ်(၃/၂၀၁၆)

(၂) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၁၉ခုနှစ်၊ မတ်လ ၂၅ ရက်စွဲပါ စာအမှတ်၊ ၃၁၃၉/ ၀၁/ ၂၀၁၉ (၁၁၈၁)

၁။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၆(င) တွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ (သို့မဟုတ်) ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၂၆၇/၁၉၈၉/ ၂၂၅၃ နှင့် ၁၉၈၈(ယင်း ဆုံးဖြတ်ချက်နှင့်ဆက်စပ်သည့်ဆုံးဖြတ်ချက်များအပါအဝင်) တို့အရ ဖွဲ့စည်းထားသည့် ကော်မတီများမှ အချိန်နှင့်တစ်ပြေးညီ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ထားသည့် ပုဂ္ဂိုလ်များအားလုံးနှင့် အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုများအားလုံးကို အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စုများအဖြစ် ရည်ညွှန်း(၁) ပါအမိန့်ဖြင့် သတ်မှတ် ကြေငြာခဲ့ပြီးဖြစ်ပါသည်။

၂။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၂၆၇(၁၉၉၉)၊ ၁၉၈၉(၂၀၁၁) နှင့် ၂၂၅၃ (၂၀၁၅) တို့ကို အကောင်အထည်ဖော်ဆောင်ရေးဆိုင်ရာကော်မတီ သဘာပတိမှ ၁၃-၃-၂၀၁၉ ရက်တွင် အိုစမာဘင်လာဒင်၏ သားဖြစ်သူ Hamza Usama Muhammad Bin Laden အား ကန့်သတ်ပိတ်ပင်မှုစာရင်း(Sanction List)၌ ထည့်သွင်းခဲ့သည့် ကိစ္စကို နိုင်ငံခြားရေးဝန်ကြီး ဌာနမှ ရည်ညွှန်း(၂) ပါစာဖြင့် အကြောင်းကြားခဲ့ပါသည်။

၃။ သို့ပါ၍ အိုစမာဘင်လာဒင်၏ သားဖြစ်သူ Hamza Usama Muhammad Bin Laden အား ကန့်သတ်ပိတ်ပင်မှုစာရင်း(Sanction List)၌ ထည့်သွင်းလိုက်သည့် ကိစ္စအား ရည်ညွှန်း (၁) ပါအမိန့်နှင့်အညီ သတင်းပို့အဖွဲ့အစည်းများမှ လိုက်နာဆောင်ရွက်သွားရန်အတွက် ထပ်ဆင့် အကြောင်းကြားပေးနိုင်ပါရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၂၆၇(၁၉၉၉)၊

၁၉၈၉(၂၀၁၁) နှင့် ၂၂၅၃ (၂၀၁၅) တို့ကို အကောင်အထည်ဖော်ဆောင်ရေးကော်မတီ၏ ဆုံးဖြတ်ချက်အား ပူးတွဲပေးပို့အပ်ပါသည်။

ဥက္ကဋ္ဌ

(ရဲမှူးချုပ် ကျော်ဝင်းသိန်း)

(အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား

တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ)

မိတ္တူကို

လက်ခံစာတွဲ/မျှောစာတွဲ